# အင်ဒီယားနား မျိုးရိုးဗီဇ နှင့် မွေးကင်းစကလေး ဆိုင်ရာ စစ်ဆေးမှု

# မွေးကင်းစကလေး၏ သွေးစက်အကွက်ကို စစ်ဆေးခြင်း

Indiana Department of Health

## ဘယ်လိုလုပ်ဆောင်သလဲ။

1. သွေးစက်အနည်းငယ် ထုတ်ရန်အတွက် မွေးကင်းစကလေး၏ ခြေဖနောင့်ကို အပ်နှင့် ဖောက်ပါသည်။
2. ထိုနမူနာကို သွေးစက်အကွက်ကဒ်ပေါ်တွင် ရယူပါသည်။
3. အဆိုပါကဒ်ကို စမ်းသပ်စစ်ဆေးရန်အတွက် မွေးကင်းစကလေး စစ်ဆေးသည့် ဓာတ်ခွဲခန်းသို့ ပို့ဆောင်ပါသည်။




- မွေးပြီးနောက် 24 နှင့် 48 နာရီအကြားတွင် လုပ်ဆောင်ပါသည်။
- လျင်မြန်ပြီး ရိုးရှင်းပါသည်။
- အသက်အန္တရာယ်ရှိသော မျိုးရိုးဗီဇဆိုင်ရာ ရောဂါအခြေအနေပေါင်း 50 ထက်ပိုပြီး စမ်းသပ်စစ်ဆေးနိုင်သည်။
- စောစောသိရှိစေပြီး သင့်ကလေးငယ်၏ ဆရာဝန်ကို တတ်နိုင်သမျှ အစောဆုံးကုသမှုပေးနိုင်စေသည်။
- 3 နှစ်ကြာသိမ်းဆည်းနိုင်သည့် နမူနာများကို ထုတ်လုပ်ပါသည်။
- သင့်ကလေးငယ်အနေနှင့် လိုအပ်ပါက အနာဂတ်တွင် ဆေးကုသမှုဆိုင်ရာ စမ်းသပ်စစ်ဆေးမှုအတွက် နမူနာများ ထုတ်ပေးနိုင်သည်။

သင့်ကင်မရာဖြင့် QR ကုဒ်ကိုချိန်ပြီး ဝက်ဘ်ဆိုက်တွင်ကြည့်ရှုပါ။

NEWBORN SCREENING INDIANA

**မေး။ စစ်ဆေးမှုများ၏ ရလဒ်များကို မိမိအနေနှင့် ဘယ်အချိန်တွင် ရရှိမလဲ။**

ဖြေ။ သင့်ကလေးငယ်အတွက် နောက်တကြိမ်ကျန်းမာရေး စစ်ဆေးချိန်တွင် သင့်ကျန်းမာရေး ကုသစောင့်ရှောက်သူကို မေးပါ။

**မေး။ မိမိ၏ ကလေးငယ်တွင် သွေးစစ်ပြီး မူမမှန်သောရလဒ်ထွက်ပေါ်ပါက ဘာဖြစ်မလဲ။**

ဖြေ။ မူမမှန်သောရလဒ် ဆိုရာတွင် သင့်ကလေးငယ်အနေနှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာတခုခုရှိသည်ဟု အမြဲတမ်းဆိုလိုသည်မဟုတ်ပါ။ မူမမှန်သောရလဒ်တခုခုတွင် အကြောင်းရင်းများစွာရှိနိုင်ပြီး နောက်ဆက်တွဲ စမ်းသပ်စစ်ဆေးမှုများ လုပ်ရပါလိမ့်မည်။ နောက်ထပ်လုပ်ဆောင်ရန် အဆင့်များ နှင့်ပတ်သက်ပြီး သင့်ကျန်းမာရေး ကုသစောင့်ရှောက်သူကို မေးပါ။

**မေး။ မိမိ၏ ကလေးငယ်တွင် သွေးစစ်ပြီး အကျုံးမဝင်သောရလဒ် ထွက်ပေါ်ပါက ဘာဖြစ်မလဲ။**

ဖြေ။ တခါတရံတွင် ရောဂါအားလုံး စမ်းသပ်စစ်ဆေးရန်အတွက် သွေးလုံလောက်မှု မရှိခြင်းကြောင့်ဖြစ်စေ၊ နမူနာကိုရယူရာတွင် စောလွန်းသည်ဖြစ်စေ၊ သို့မဟုတ် အခြားသော အကြောင်းရင်းတခုခုကြောင့် စမ်းသပ်စစ်ဆေးမှုများသည် အကျုံးမဝင်သည့်အချိန်များ ရှိလိမ့်မည်။ ထိုသို့ဖြစ်ပါက စမ်းသပ်စစ်ဆေးမှုကို ထပ်လုပ်သင့်သည်။ သင် ကလေးသွားမွေးသည့် ဆေးရုံအဆောက်အအုံ သို့မဟုတ် သားဖွားဆရာဝန်ကို ဖုန်းဆက်ပြီး ဒုတိယအကြိမ် စမ်းသပ်စစ်ဆေးရန် တောင်းဆိုပါ။

**မေး။ မွေးကင်းစကလေး စမ်းသပ်စစ်ဆေးမှုကို မိမိအနေနှင့် ငြင်းပယ်၍ရနိုင်ပါသလား။**

ဖြေ။ အင်ဒီယားနားတွင် ဥပဒေအရ မွေးကင်းစကလေးငယ်ကို စမ်းသပ်စစ်ဆေးရမည်ဟု သတ်မှတ်ထားပါသည်၊ သို့သော် ဘာသာရေးအရ ခြွင်းချက်ပေးပါသည်။ သင့်အနေနှင့် ဘာသာရေးဆိုင်ရာ ယုံကြည်မှုအရ ခြွင်းချက်ကို လိုချင်ပါက သင်၏ ကျန်းမာရေး ကုသစောင့်ရှောက်သူနှင့် ဆွေးနွေးပါ။




မျိုးရိုးဗီဇ နှင့် မွေးကင်းစကလေး ဆိုင်ရာ
စစ်ဆေးမှုအစီအစဉ်
အင်ဒီယားနားပြည်နယ်ကျန်းမာရေးဌာန
www.NBS.in.gov
ဖုန်း 888.815.0006

ယပ်ရှယ်စဉ် အကြားအာရုံ စစ်ဆေးခြင်း
နှင့် ကုသခြင်း အစီအစဉ် (EHDI)
အင်ဒီယားနားပြည်နယ်ကျန်းမာရေးဌာန
www.Hearing.in.gov
ဖုန်း 317.232.0972


NEWBORN SCREENING
INDIANA

ပိုမိုသိရှိလိုပါသလား။ ISDHNBS@isdh.in.gov ထံ အီးမေးလ်ပို့ပါ သို့မဟုတ် www.NBS.in.gov တွင်ကြည့်ရှုပါ။